# မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်

၂၂၊ နိုဝင်ဘာလ၊ ၂၀၁၃

**မြန်မာနိုင်ငံတွင် လိင်တူချစ်မှုရေးရာအား ရာဇဝတ်မှုအဖြစ် သတ်မှတ်အရေးယူနိုင်သည့် ဥပဒေများအား ပယ်ဖျက်ရေးကို တိုက်တွန်းခဲ့သည့် လွှတ်တော်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကို ကြိုဆိုထောက်ခံခြင်း**

မကြာမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံတွင် လိင်တူချစ်ခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ် ထားခြင်းကိုပယ်ဖျက်ရန် လွှတ်တော်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းတောင်းဆို ခဲ့သည့်အပေါ် ကျွန်ုပ်တို့ မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်အနေဖြင့် လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။

လွှတ်တော်ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်၏ အဆိုပါ တိုက်တွန်းတောင်းဆိုမှုသည် မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းအတွင်း လိင်တူချစ်ခင်မှုများအပေါ် မုန်းတီးပြီး ခွဲခြားဆက်ဆံလိုသည့် အမြင်အစွဲများ ပပျောက်သွားနိုင်စေရန်နှင့် လိင်တူချစ်သူများအား လူ့အခွင့်အရေးအရ တန်းတူထားကာ လေးစားသမှုဖြင့် အသိအမှတ်ပြုမှုများ ရလာစေရန် တွန်းအားသဖွယ် ဖြစ်စေသည့် သိသာထင်ရှားသော ရှေ့ခြေလှမ်းတစ်ရပ် သဖွယ်လည်း ဖြစ်ပေသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၁၉ ရက်၊ အင်္ဂါနေ့က HIV/ AIDS နှင့် ပတ်သက်သည့် ကမ္ဘာ့ကုလသမဂ္ဂ အာရှ ပစိဖိတ်ဒေသဆိုင်ရာ ညီလာခံသို့ ပေးပို့သော လွှတ်တော်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း တွင် လိင်တူချစ်မှုအပေါ် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည့် ဥပဒေများ ရှိနေခြင်းက လိင်တူချစ်သူများအကြား HIV/ AIDS ကုသရေးမှာ အခက်အခဲ အဟန့်အတား ဖြစ်နေကြောင်း၊ လိင်တူချစ်သူများအကြား HIV/AIDS ကူးစက်ပြန့်ပွားမှုနှုန်းမှာ  အမြင့်ဆုံးတွင် ရှိနေပြီး ထိုသို့ ဖြစ်နေရခြင်းမှာလည်း လူထုအတွင်း ခွဲခြားမှုကို ဖြစ်နေစေသည့် အယူအဆ အစွဲများ၊ ဥပဒေများ ရှိနေသောကြောင့် ဖြစ်ကြောင်း ထည့်သွင်းပြောဆိုခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လိင်တူချစ်ခင်မှုအပေါ် ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး အပြစ်ပေး အရေးယူနိုင်သည့် ရာဇသတ်ကြီးပုဒ်မ ၃၇၇ မှာ ယနေ့ချိန်အထိ အသက်ဝင်လျက် ရှိနေဆဲ ဖြစ်ပါသည်။ အဆိုပါ ရာဇသတ်ကြီးပုဒ်မ ၃၇၇ သည် လူ့အဖွဲ့အစည်းအတွင်း လိင်တူချစ်သူများအပေါ် လူမှုရေးအရ ခွဲခြားနှိမ်ချမှု ကိုတွန်းအားဖြစ်နေစေပြီး လိင်စိတ်ခံယူမှုနှင့် ကျား/မခံယူမှုဆိုင်ရာ သတ်မှတ်မှုများ အပေါ် ခွဲခြားဖိနှိပ်မှုကိုလည်း ဦးတည်နေစေပါသည်။ ထို့အပြင် အဆိုပါ ပုဒ်မ ၃၇၇ အရ လိင်တူချင်း ချစ်တင်းနှောမှုကို ဥပဒေအရ အပြစ်ပေး အရေးယူနိုင်ခွင့်ရှိပြီး လိင်တူချစ်သူများအပေါ် မတရားဖမ်းဆီး ငွေညှစ်ခြင်းများ၊ ခွဲခြားနှိမ့်ချ လှောင်ပြောင်စော်ကားခြင်းများ၊ ကိုယ်ထိလက်ရောက် ညှင်းပမ်းနှိပ်စက် ခြင်းများကို တရားလက်လွတ် ကျူးလွန်နေသည့် ဥပဒေကိုစောင့်ရှောက်နေသည့် ဝန်ထမ်းများ မှာလည်း တရားဥပဒေအရ အရေးယူခြင်းမခံရဘဲ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရနေ စေပါသည်။

အဆိုပါ ခွဲခြားဆက်ဆံမှုနှင့် တရားလက်လွတ်ပြုမှု ပုံစံကို မကြာသေးခင်ကာလ ၂၀၁၃ ဂျူလိုင်လ ၆ ရက်နှင့် ၇ ရက်နေ့တွင် မန္တလေးမြို့၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်တွင် အထင်အရှား တွေ့မြင်ရမည် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဂျူလိုင်လ ၆ ရက်နှင့် ၇ ရက်နေ့တွင် မန္တလေးမြို့၌ အမျိုးသားချင်းကို ချစ်ခင်စုံမက်သူများနှင့် ဆန့်ကျင်ဖက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ ၁၂ ယောက်သည် မန္တလေးတိုင်းရဲတပ်ဖွဲ့၏ မတရားဖမ်းဆီးမှုကို ခံခဲ့ရပြီး ကိုယ်နှုတ်ဆိုင်ရာ အနိုင်ကျင့် ထိပါးနှောင့်ယှက် စော်ကားခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်ခြင်းများကို ခံခဲ့ကြရပါသည်။

မန္တလေးတိုင်းရဲတပ်ဖွဲ့၏ လိင်တူချစ်သူများအပေါ် ဖမ်းဆီးမှုနှင့် စော်ကားမှုများမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းလာ လူ့အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာ ရောက်သလို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလာ အပိုဒ် ၃၄၇ နှင့် ၃၅၃ ကိုလည်း ချိုးဖောက်ရာ ရောက်နေပါသည်။ မြန်မာနိုင်ငံတော်၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်းကို တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရရှိရေးနှင့် ဥပဒေ၏ အကာအကွယ်ပေးမှုများနှင့် တန်းတူညီမျှမှုကို အာမခံချက်ပေးထားပြီး မည်သူတစ်ဦးတစ်ယောက် ကိုမျှ တည်ဆဲဥပဒေအရအရေးယူခြင်းမှအပ ပုဂ္ဂလိကလွတ်လပ်ခွင့်၊ အသက်အိုးအိမ်စည်းစိမ်နှင့် လုံခြုံရေးကို မထိပါးရဟု အတိအလင်း ပြဋ္ဌာန်းထားရှိပါသည်။

မြန်မာ LGBT များအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှ ဥပဒေအရ အကာအကွယ်ပေးမှုများ၊ ကုစားမှုများကို ယနေ့အချိန်အထိ မရရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ညှင်းပမ်း

နှိပ်စက်မှုတိုက်ဖျက်ရေးစာချုပ် (Convention Against Torture)၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ စာချုပ် (International Covenant on Economic, Social and Cultural Rights)၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ စာချုပ် (International Covenant on Civic and Political Rights) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို ချက်ချင်းလက်မှတ်ထိုးသင့်ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို လက်မှတ် ထိုးခြင်းအားဖြင့် လိင်တူချစ်သူများအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအား လူ့အခွင့်အရေးအရများစွာ အကာ အကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အခြားဥပဒေများတွင် လိင်စိတ်ခံယူမှုကွဲပြားသူများအား အကာအကွယ်ပေးနိုင်မည့် အချက်များကို ထည့်သွင်းပြဌာန်းခြင်းနှင့် ရာဇသတ်ကြီးပုဒ်မ ၃၇၇ အားပယ်ဖျက်ခြင်းကိုလည်း လုပ်ဆောင်သင့် ပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ LGBT တစ်ဦးချင်းစီ ရင်ဆိုင်နေရသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ခွဲခြားနှိမ်ချဆက်ဆံမှုများနှင့် စပ်လျဉ်း၍ တိုင်ကြားလာသည့်အပေါ် အထူးအာရုံစိုက် လက်ခံကြားနာကာ ဆောင်ရွက်ပေးသင့် ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဦးအောင်မျိုးမင်း (myominburma@gmail.com)၊ ကိုလှမြတ် (၀၉၇၃၀၂၂၅၆၄)၊ ကိုတင်ကိုကို (၀၉၄၂၀၁၁၀၄၀၉)၊ ကိုကျော်မင်းထွန်း (၀၉၄၂၉၃၁၂၂၀၄)

**မြန်မာ LGBT အခွင့်အရေးဆိုင်ရာကွန်ယက်**